**ကေအဲန်ယူ-ကရင်အမျိုးသား အစည်းအရုံး**
**ဗဟိုဌာနချုပ်**
**ကော်သူးလေ**
www.knuhq.org

---

## ကေအဲန်ယူ-ကရင်အမျိုးသားအစည်းအရုံး မှ
## အပြည်ပြည်ဆိုင်ရာ ကမ္ဘာ့ငြိမ်းချမ်းရေးနေ့သို့ ပေးပို့သော သဝဏ်လွှာ

ရက်စွဲ.....ဆိမူ လဆုတ် (၁၂) ရက်၊ ၂၇၆၁ ခုနှစ်
စက်တင်ဘာလ (၂၁) ရက်၊ ၂၀၂၂ ခုနှစ်

ယနေ့ စက်တင်ဘာလ (၂၁) ရက်နေ့သည် ကမ္ဘာ့ ငြိမ်းချမ်းရေးနေ့ (The International Day of Peace) ဖြစ်ပါသည်။ ယခုနှစ် ကမ္ဘာ့ ငြိမ်းချမ်းရေးနေ့၏ ဆောင်ပုဒ်သည် အစွန်းရောက် လူမျိုးကြီး ဝါဒနှင့် အစွန်းရောက် အမျိုးသားရေး ဝါဒများကို ချုပ်ငြိမ်းစေပြီး ငြိမ်းချမ်းရေးကို တည်ဆောက်ရေး **(End racism. Build peace)** ဖြစ်ပါသည်။ ထို့ကြောင့်၊ ယခု ၂၀၂၂ ခုနှစ် မှစပြီး နောင်လာမည့်နှစ်များတွင် အစွန်းရောက် လူမျိုးကြီး ဝါဒနှင့် အစွန်းရောက် အမျိုးသားရေး ဝါဒများကို အဆုံးသတ်ပြီး ငြိမ်းချမ်းရေးကို တည်ဆောက်ရန်အတွက် မိမိတို့၏ တာဝန်ဖြစ်ပါသည်။ ငြိမ်းချမ်းရေးကို အမှန်တကယ် တည်ဆောက်လို ပါက ပြည်သူလူထုနှင့် သက်ဆိုင်သူ ကမ္ဘာ့ လူသား အားလုံးအတွက် လွတ်လပ်မှုနှင့် တန်းတူညီမျှမှု အခွင့်အရေးများကို အပ်နှင်းထားပြီး လူမျိုးရေးအရ ခွဲခြားဆက်ဆံမှုများမှ ကင်းဝေးသော လူ့အဖွဲ့အစည်းကို တည်ဆောက်ရန် လိုပါသည်။ နိုင်ငံသူနိုင်ငံသားများနှင့် သက်ဆိုင်သူ ကမ္ဘာ့လူသား အားလုံးအတွက် မိမိတို့၏ အသက်မွေးဝမ်းကြောင်းမှု အပြင် ဘဝ အသက်တာကို ဖွံ့ဖြိုးတိုးတက်နိုင်ရန် ဖန်တီးပိုင်ခွင့်များကို အပ်နှင်းထားရပါမည်။ ထို့အပြင်၊ မိမိတို့၏ ယဉ်ကျေးမှု၊ ရိုးရာနှင့် ဓလေ့ထုံးတမ်းများအား လွတ်လပ်စွာ ထိန်းသိမ်းပိုင်ခွင့်နှင့် မြှင့်တင်ပိုင်ခွင့်များလည်း အပ်နှင်းထားရှိရမည် ဖြစ်ပါသည်။

အစွန်းရောက် လူမျိုးကြီး ဝါဒသည် နေ့စဉ် ဘဝ အသက်တာနှင့် လူမှု အသိုင်းအဝိုင်း တစ်ခုတည်း၌ ဖြစ်စေ နိုင်ငံ တစ်နိုင်ငံတည်းတွင် အတူတစ်ကွ ရှင်သန်နေထိုင်နိုင်ရန်အတွက်ဖြစ်စေ အဆိပ်အတောက် နှင့် အခက်အခဲ အတားအဆီးများကို ဖြစ်ပေါ်စေပြီး အခြေခံ လူ့အခွင့်အရေး ချိုးဖေါက်မှုများကို ဖြစ်ပေါ်စေပါသည်။ ထို့အပြင်၊ အာဏာရှင် နှင့် စစ်အာဏာရှင်များသည် အစွန်းရောက် လူမျိုးကြီး ဝါဒနှင့် အစွန်းရောက် အမျိုးသားရေး ဝါဒများကို အသုံးချလေ့ရှိသောကြောင့် အစွန်းရောက် လူမျိုးကြီး ဝါဒနှင့် အစွန်းရောက် အမျိုးသာရေး ဝါဒများသည် <u>ပဋိပက္ခအပြင်</u> အကြမ်းဖက်မှုများနှင့် စစ်မက်ဖြစ်ပွါးရခြင်း အားလုံး၏ အခြေခံ အကြောင်းတရား ဖြစ်ပါသည်။

ထို့ကြောင့်၊ ကမ္ဘာ့ကုလ သမဂ္ဂ၏ ၂၀၂၂ ခုနှစ် ဆောင်ပုဒ်အတိုင်း အစွန်းရောက် လူမျိုးကြီး ဝါဒနှင့် အစွန်းရောက် အမျိုးသားရေး ဝါဒများကို အသုံးချလေ့ရှိသော အာဏာရှင် စနစ် နှင့် စစ်အာဏာရှင် စနစ်များ ပျောက်ကွယ်သွားပြီး မိမိတို့ ပြည်ထောင်စုကြီး၏ ငြိမ်းချမ်းရေးအတွက် စွမ်းစွမ်းတမံ ကြိုးစားအားထုတ်သွားကြပါရန် တိုက်တွန်းအပ်ပါသည်။

**ဗဟို ဌာနချုပ်**
**ကေအဲန်ယူ-ကရင်အမျိုးသား အစည်းအရုံး**